# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန

စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှု
ဝန်ကြီးဌာန

MOPFI

MINISTRY OF PLANNING
FINANCE AND INDUSTRY

## ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်

## ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေ

## အဆိုပြုတင်ပြချက် (အနှစ်ချုပ်)

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ

ဤစာစောင်ပါ ကိန်းဂဏန်းအချက်အလက်များသည် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၃ ပုဒ်မခွဲ(က) နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရာတွင် အနှစ်ချုပ် ပြုစုဖော်ပြသော ကိန်းဂဏန်းအချက်အလက်များဖြစ်ပါသည်။ ပြည်ထောင်စုလွှတ်တော်က အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ဥပဒေကြမ်းအပေါ် ဆွေးနွေး သုံးသပ်၍ အတည်ပြုပြီးသည့်အခါ အတည်ပြုချက်နှင့်အညီ ပြည်သူများ ရှင်းလင်းလွယ်ကူစွာ လေ့လာ ဖတ်ရှုနိုင်စေရန် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များစာစောင် (Citizen's Budget) အား ထပ်မံပြုစု ထုတ်ဝေမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန

## ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် စီးပွားရေးနှင့် ဘဏ္ဍာရေးကောက်နုတ်ချက်

- ❖ ပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ကျပ် ၁၂၅,၈၀၃.၅၈၃ ဘီလီယံဟု ခန့်မှန်းသည်။
- ❖ စီးပွားရေးတိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်းအရ ၆.၀% နှင့် နှစ်အလိုက်ဈေးနှုန်းအရ ၉.၉% ဟု ခန့်မှန်းသည်။
- ❖ ပြည်ထောင်စု၏ စုစုပေါင်းရငွေကို ကျပ် ၂၇,၈၅၁.၉၀၃ ဘီလီယံ ဟုခန့်မှန်းသည်။
- ❖ ပြည်ထောင်စု၏ စုစုပေါင်းအသုံးစရိတ်ကို ကျပ် ၃၄,၆၅၂.၃၉၃ ဘီလီယံ ဟုခန့်မှန်းသည်။
- ❖ ပြည်ထောင်စု၏ စုစုပေါင်းလိုငွေမှာ ကျပ် ၆,၈၀၀.၄၉၀ ဘီလီယံ ဟုခန့်မှန်းသည်။
- ❖ လိုငွေနှင့် ဂျီဒီပီအချိုးမှာ ၅.၄၁ % ဖြစ်သည်။
- ❖ ပြည်ထောင်စု၏အခွန်အကောက်ရငွေ စုစုပေါင်းကျပ် ၈,၆၁၅.၇၇၇ ဘီလီယံဟု ခန့်မှန်းသည်။
- ❖ ပြည်ထောင်စု၏အခွန်အကောက်ရငွေနှင့် ဂျီဒီပီအချိုးမှာ ၆.၈၅% ဟုခန့်မှန်းသည်။
- ❖ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်ရေးဆွဲရာ၌ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာ၏ ငွေကြေး လဲလှယ်နှုန်းကို ၁,၅၂၀ ကျပ် ဖြင့် ရေးဆွဲထားသည်။
- ❖ အရေးပေါ်ရန်ပုံငွေကို ပြည်ထောင်စု စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနတွင် ကျပ် ၁၀၀ ဘီလီယံ၊ ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများတွင် ကျပ် ၃၆ ဘီလီယံ၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကျပ် ၁၄ ဘီလီယံ ခွဲဝေလျာထားပါသည်။
- ❖ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေမှာကျပ် ၃၁.၇၀၀ ဘီလီယံ ဖြစ်ပါသည်။
- ❖ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေအရ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ရန်ပုံငွေအတွက် ကျပ် ၃ ဘီလီယံ လျာထားပါသည်။
- ❖ ဝန်ထမ်းနေအိမ်ရေးဗဟိုရန်ပုံငွေအတွက် နိုင်ငံတော်က စတင်မတည်ငွေကျပ် ၁၀၀ ဘီလီယံ ကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနတွင် လျာထားပါသည်။
- ❖ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း အရ ပြည်တွင်းပြည်ပမှ ချေးငွေရယူနိုင်သည့် ပမာဏမှာ ကျပ် ၁၁,၀၀၀ ဘီလီယံ (ကျပ်သန်းပေါင်း တစ်ရာ့တစ်ဆယ်သိန်း) ထက်မပိုရန် ဖြစ်ပါသည်။

# ဘဏ္ဍာရေးမူဝါဒ

## အခွန်မူဝါဒ

❖ အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်ရန်၊

❖ ရသင့်ရထိုက်သည့် အခွန်အကောက်များကို ဥပဒေနှင့်အညီ အပြည့်အဝကောက်ခံရရှိရေး ICT နည်းပညာများ တိုးချဲ့အသုံးပြု၍ ကြိုးပမ်းဆောင်ရွက်ရန်၊

❖ အခွန်ရုံးကစည်းကြပ်သည့်စနစ် (Official Assessment System-OAS) မှ အခွန်ထမ်းကိုယ်တိုင် အခွန်ကျသင့်မှုကို စည်းကြပ် ခံယူသည့်စနစ် (Self-Assessment System-SAS) သို့ ကူးပြောင်းဆောင်ရွက်မှုများ ဆက်လက်အကောင်အထည်ဖော်ရန်၊

❖ ဈေးကွက်စီးပွားရေးစနစ်ကို အထောက်အကူဖြစ်စေပြီး နိုင်ငံတကာစံနှုန်းများနှင့် လျော်ညီသော အခွန်စနစ် ဖြစ်ထွန်းပေါ်ပေါက် စေရန်၊

❖ အမျိုးသားအကျိုးစီးပွား ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စားသုံးမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့်စုဆောင်းမှုတို့ကို အခွန်အကောက်စနစ် ဖြင့် ထိန်းညှိပေးရန်၊

❖ တစ်မျိုးသားလုံး၏ ကျန်းမာရေး၊ ကြံ့ခိုင်ရေးနှင့် အကျင့်စာရိတ္တ မြင့်မားရေးတို့အတွက် အခွန်အကောက်စနစ်ဖြင့် ထိန်းကျောင်း ပေးရန်၊

❖ သဘာဝပတ်ဝန်းကျင်နှင့် တွင်းထွက်သယံဇာတများ ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် အခွန်အကောက် စနစ်ဖြင့် ထိန်းကျောင်းပေးရန်၊

❖ COVID-19 ကာလ၊ COVID-19 အလွန်ကာလတို့တွင် နိုင်ငံတော်က ချမှတ်ထားသော စီးပွားရေးကုစားမှုအစီအစဉ်၊ စီးပွားရေး ပြန်လည်ထူထောင်မှု အစီအစဉ်တို့နှင့်အညီ အခွန်အကောက်ရငွေများကို ရည်မှန်းထားသည့်အတိုင်း ကောက်ခံဆောင်ရွက်ရန်၊

## အသုံးစရိတ်မူဝါဒ

❖ ပြည်သူလူထုအတွက် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး အသုံးစရိတ်များကို ဆက်လက်မြှင့်တင် သုံးစွဲရန်၊

❖ အလုပ်အကိုင်အခွင့်အလမ်းမြင့်မားပြီး စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုစေသည့် အသေးစားအငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အထောက်အကူပြုစေမည့် အသုံးစရိတ်များကို ဦးစားပေးရန်၊

❖ လျှပ်စစ်မီး၊ လမ်းတံတား၊ သောက်သုံးရေနှင့် စိုက်ပျိုးရေ လုံလောက်စွာ ရရှိရေးတို့အပါအဝင် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် တိုးမြှင့်သုံးစွဲရန်၊

❖ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒနှင့်အညီ ပြည်ပချေးယူရငွေများ ရယူသုံးစွဲရာတွင် ကုန်ကျစရိတ်နှင့် အကျိုးအမြတ်ကို သေချာစွာ စိစစ်ပြီးမှသာ ရယူသုံးစွဲရန်နှင့် ပြည်ပအကူအညီရငွေများကို သုံးစွဲရာတွင် ပြည်သူအတွက် အမှန်တကယ် အကျိုးရှိ ထိရောက်သော အသုံးစရိတ် ဖြစ်စေရန်၊

❖ ဖွဲ့စည်းပုံနှင့်ဝန်ထမ်းခန့်အပ်မှုများကို စနစ်တကျ စိစစ်ခွင့်ပြုရန်၊

❖ ဌာနသုံးမော်တော်ယာဉ်များထက် လုပ်ငန်းသုံးမော်တော်ယာဉ်များကိုသာ ဦးစားပေးဝယ်ယူရန်၊

❖ ရုံးဌာနများ၊ ဝန်ထမ်းနေအိမ်များ ဆောက်လုပ်ခြင်း၊ မွမ်းမံခြင်းများထက် ပြည်သူတိုက်ရိုက် အကျိုးပြုလုပ်ငန်းများသို့ ဦးစားပေး သုံးစွဲရန်၊

❖ COVID-19 ကာလ၊ COVID-19 အလွန်ကာလတို့တွင် နိုင်ငံတော်က ချမှတ်ထားသော စီးပွားရေးကုစားမှုအစီအစဉ်၊ စီးပွားရေး ပြန်လည်ထူထောင်မှု အစီအစဉ်တို့နှင့်အညီ ဦးစားပေးအသုံးစရိတ်များ သုံးစွဲရန်။

# ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်
# ပြည်ထောင်စုနှင့်တိုင်းဒေသကြီး/ပြည်နယ်များ၏အရအသုံးခန့်မှန်းခြေငွေစာရင်း

(ကျပ်သန်းပေါင်း)

| အကြောင်းအရာ | ပြည်ထောင်စု | တိုင်းဒေသကြီး/ ပြည်နယ် |
|---|---|---|
| ရငွေ | ၂၇,၈၅၁,၉၀၂.၅၁၁ | ၃,၈၁၈,၈၈၄.၈၃၂ |
| သာမန် | ၂၂,၅၁၁,၆၄၈.၃၇၃ | *၃,၃၆၀,၀၉၅.၀၇၁ |
| ငွေလုံးငွေရင်း | ၉၀၆,၃၇၈.၇၅၉ | ၄၇,၆၀၉.၈၀၆ |
| ကြွေးမြီ | ၄,၄၃၃,၈၇၅.၃၇၉ | ၄၁၁,၁၇၉.၉၅၅ |
| အသုံးစရိတ် | ၃၄,၆၅၂,၃၉၃.၀၀၂ | ၃,၈၁၈,၈၈၄.၈၃၂ |
| သာမန် | **၂၅,၅၈၃,၀၀၃.၂၄၀ | ၁,၀၆၂,၂၂၉.၈၉၉ |
| ငွေလုံးငွေရင်း | ၇,၈၈၉,၄၄၅.၉၆၂ | ၂,၇၅၆,၆၅၄.၉၃၃ |
| ကြွေးမြီ | ၁,၁၇၉,၉၄၃.၈၀၀ | |
| လိုငွေ | -၆,၈၀၀,၄၉၀.၄၉၁ | |
| ဂျီဒီပီတန်ဖိုး | ၁၂၅,၈၀၃,၅၈၃.၀၀၀ | |
| လိုငွေနှင့်ဂျီဒီပီအချိုး | ၅.၄၁% | |

*တိုင်းဒေသကြီး/ပြည်နယ်ရငွေတွင် ပြည်ထောင်စုမှတိုင်းဒေသကြီး/ ပြည်နယ်များအတွက် လိုငွေဖြည့်ဆည်းပေးခြင်းနှင့် ထောက်ပံ့ပေးခြင်းအတွက် ကျပ် ၂,၃၈၀.၈၄၃ ဘီလီယံ ပါဝင်ပါသည်။

** ပြည်ထောင်စု၏ အသုံးစရိတ်တွင် တိုင်းဒေသကြီး/ပြည်နယ်များသို့ လိုငွေဖြည့်ဆည်းပေးခြင်းနှင့် ထောက်ပံ့ပေးခြင်းများ အတွက် ကျပ် ၂,၃၈၀.၈၄၃ ဘီလီယံ ပါဝင်ပါသည်။

# ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ရငွေခန့်မှန်းခြေ

| စဉ် | | အကြောင်းအရာ | ရငွေ (ကျပ်သန်း) | စုစုပေါင်း ရငွေတွင် ပါဝင်မှု ရာခိုင်နှုန်း | ဂျီဒီပီတွင် ပါဝင်မှု ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁။ | | **သာမန်ရငွေ** | **၂၂,၅၁၁,၆၄၈.၃၇၃** | **၈၀.၈၃%** | **၁၇.၈၉%** |
| | (က) | အခွန်အကောက်ရငွေ | ၈,၆၁၅,၇၇၇.၂၂၉ | ၃၀.၉၃% | ၆.၈၅% |
| | (ခ) | အခြားသာမန်ရငွေ* | ၈၈၅,၀၁၀.၅၂၅ | ၃.၁၈% | ၀.၇၀% |
| | (ဂ) | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ (နိုင်ငံတော်ထည့်ဝင်ငွေ) | ၁,၄၁၄,၅၉၅.၄၄၀ | ၅.၀၈% | ၁.၁၂% |
| | (ဃ) | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ (ဘဏ္ဍာရန်ပုံငွေအတွင်း) | ၇,၉၄၅,၆၄၃.၀၂၀ | ၂၈.၅၃% | ၆.၃၂% |
| | (င) | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ (ဘဏ္ဍာရန်ပုံငွေပြင်ပ) | ၂,၄၃၉,၄၂၆.၁၆၁ | ၈.၇၆% | ၁.၉၄% |
| | (စ) | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၈၁၅,၉၆၉.၀၅၂ | ၂.၉၃% | ၀.၆၅% |
| | (ဆ) | အတိုးရငွေ | ၆၇,၆၅၆.၅၂၇ | ၀.၂၄% | ၀.၀၅% |
| | (ဇ) | ထောက်ပံ့ငွေရငွေ | ၁၀၉,၉၂၁.၄၇၇ | ၀.၄၀% | ၀.၀၉% |
| | (ဈ) | ပြည်ပအကူအညီရငွေ (သာမန်) | ၂၁၇,၆၄၈.၉၄၂ | ၀.၇၈% | ၀.၁၇% |
| ၂။ | | **ငွေလုံးငွေရင်းရငွေ** | **၉၀၆,၃၇၈.၇၅၉** | **၃.၂၅%** | **၀.၇၂%** |
| | (က) | ငွေလုံးငွေရင်းရငွေ | ၁,၇၀၀.၄၀၀ | ၀.၀၁% | |
| | (ခ) | ပြည်ပအကူအညီရငွေ (ငွေလုံးငွေရင်း) | ၉၀၄,၆၇၈.၃၅၉ | ၃.၂၄% | ၀.၇၂% |
| ၃။ | | **ကြွေးမြီရငွေ** | **၄,၄၃၃,၈၇၅.၃၇၉** | **၁၅.၉၂%** | **၃.၅၃%** |
| | (က) | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ၃၅၄,၂၈၄.၃၀၈ | ၁.၂၇% | ၀.၂၈% |
| | (ခ) | ချေးယူရငွေ | ၄,၀၃၅,၃၆၉.၇၇၇ | ၁၄.၄၉% | ၃.၂၀% |
| | (ဂ) | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | ၄၄,၂၂၁.၂၉၄ | ၀.၁၆% | ၀.၀၄% |
| | | စုစုပေါင်း (၁+၂+၃) | **၂၇,၈၅၁,၉၀၂.၅၁၁** | **၁၀၀.၀၀%** | **၂၂.၁၄%** |

*အခြားသာမန်ရငွေများတွင် ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၏ အခြားသာမန်ရငွေနှင့် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၊ နေပြည်တော်ကောင်စီနှင့်နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့၏ အခွန်အကောက်ရငွေနှင့် အခြားသာမန်ရငွေများပါဝင်ပါသည်။ အခြား သာမန်ရငွေဆိုသည်မှာ ပစ္စည်းများရောင်းချခြင်းနှင့်ဆောင်ရွက်ပေးမှုအတွက် ရငွေများ၊ ဒဏ်ငွေများနှင့် အခြားရငွေများပါဝင်ပါသည်။

# ဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ရငွေလျာထားချက်

(ကျပ်သန်းပေါင်း)

| စဉ် | | ဌာန/အဖွဲ့အစည်း | သာမန် | ငွေလုံးငွေရင်း | ကြွေးမြီ | ပေါင်း |
|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | | ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ | ၁,၁၈၅.၆၃၉ | ၂၉.၄၆၈ | ၄၃.၄၅၁ | ၁,၂၅၈.၅၅၈ |
| | ၁ | နိုင်ငံတော်သမ္မတရုံး | | | | ၀.၀၀၀ |
| | ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ၂၄.၀၆၀ | | | ၂၄.၀၆၀ |
| | ၃ | ပြည်ထောင်စုလွှတ်တော်ရုံး | ၇.၉၅၀ | ၁၁.၄၄၄ | ၁၆.၄၁၆ | ၃၅.၈၁၀ |
| | ၄ | ပြည်သူ့လွှတ်တော်ရုံး | ၃.၆၇၀ | | | ၃.၆၇၀ |
| | ၅ | အမျိုးသားလွှတ်တော်ရုံး | ၀.၅၀၀ | | | ၀.၅၀၀ |
| | ၆ | ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး | ၃၆၀.၀၆၀ | | | ၃၆၀.၀၆၀ |
| | ၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး | ၀.၀၆၀ | | | ၀.၀၆၀ |
| | ၈ | ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး | ၄၅၃.၅၅၀ | | | ၄၅၃.၅၅၀ |
| | ၉ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | ၁၉.၀၆၀ | | | ၁၉.၀၆၀ |
| | ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၂၁၃.၀၄၆ | ၁၈.၀၂၄ | ၂၇.၀၃၅ | ၂၅၈.၁၀၅ |
| | ၁၁ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ၁၀၃.၆၈၃ | | | ၁၀၃.၆၈၃ |
| ၂ | | ဝန်ကြီးဌာနများ | ၁၉,၀၅၆,၃၂၄.၄၉၁ | ၈၄၅,၂၂၈.၇၇၃ | ၄,၃၈၅,၃၇၈.၇၄၀ | ၂၄,၂၈၆,၉၃၂.၀၀၄ |
| | ၁ | နိုင်ငံခြားရေး | ၁,၀၂၃.၆၇၂ | ၇၂၂.၀၀၀ | | ၁,၇၄၅.၆၇၂ |
| | ၂ | သမ္မတရုံး | | | | |
| | ၃ | နိုင်ငံတော်အတိုင်ပင်ခံရုံး | | | | |
| | ၄ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ၄,၁၈၂.၀၂၉ | | | ၄,၁၈၂.၀၂၉ |
| | ၅ | ပြည်ထဲရေး | ၃၄,၂၄၅.၁၇၉ | ၇၂၁.၁၆၀ | | ၃၄,၉၆၆.၃၃၉ |
| | ၆ | ကာကွယ်ရေး | ၄၉,၆၅၄.၇၉၁ | | | ၄၉,၆၅၄.၇၉၁ |
| | ၇ | နယ်စပ်ရေးရာ | ၄,၈၅၃.၆၂၃ | | | ၄,၈၅၃.၆၂၃ |
| | ၈ | စီမံကိန်းဘဏ္ဍာရေးနှင့်စက်မှု | ၁၀,၀၃၆,၅၂၂.၇၆၁ | ၁၉,၀၁၈.၁၇၁ | ၁,၈၄၉,၇၅၁.၂၁၀ | ၁၁,၉၀၅,၂၉၂.၁၄၂ |
| | ၉ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး | ၅,၅၄၄.၆၃၆ | | | ၅,၅၄၄.၆၃၆ |
| | ၁၀ | အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး | | | | |
| | ၁၁ | ပြန်ကြားရေး | ၅၇,၉၃၇.၁၉၂ | ၂၀.၆၃၄ | | ၅၇,၉၅၇.၈၂၆ |
| | ၁၂ | သာသနာရေးနှင့်ယဉ်ကျေးမှု | ၁၂,၄၀၆.၈၈၂ | ၇၉၀.၄၀၀ | | ၁၃,၁၉၇.၂၈၂ |
| | ၁၃ | စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်း | ၁၁၉,၅၄၆.၆၇၀ | ၃၈,၂၄၈.၉၀၁ | ၃၇၂,၂၉၁.၇၇၅ | ၅၃၀,၀၈၇.၃၄၆ |

## ဝန်ကြီးဌာနအဖွဲ့အစည်းများ၏ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ရငွေ လျာထားချက်

(ကျပ်သန်းပေါင်း)

| စဉ် | | ဌာနအဖွဲ့အစည်း | သာမန် | ငွေလုံးငွေရင်း | ကြွေးမြီ | ပေါင်း |
|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ |
| | ၁၄ | ပို့ဆောင်ရေး၊ ဆက်သွယ်ရေး | ၁,၁၅၄,၆၆၉.၁၆၅ | ၉၉,၄၅၈.၃၅၃ | ၉၃၂,၆၅၅.၂၇၈ | ၂,၁၈၆,၇၈၂.၇၉၆ |
| | ၁၅ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၄၀၅,၅၈၄.၆၂၈ | ၉,၅၁၀.၄၃၅ | ၃၀.၀၀၀ | ၄၁၅,၁၂၅.၀၆၃ |
| | ၁၆ | လျှပ်စစ်နှင့်စွမ်းအင် | ၆,၇၄၇,၆၉၇.၀၂၆ | ၁၀,၃၉၇.၅၈၄ | ၄၈၆,၅၉၅.၈၂၁ | ၇,၂၄၄,၆၉၀.၄၃၁ |
| | ၁၇ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | ၈၀,၂၀၈.၄၃၆ | ၁၀၆.၅၅၃ | ၁၅,၀၄၄.၄၉၄ | ၉၅,၃၅၉.၄၈၃ |
| | ၁၈ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၂၂,၀၉၁.၂၂၀ | ၁၁,၅၈၄.၁၀၅ | ၁,၅၁၇.၀၂၅ | ၃၅,၁၉၂.၃၅၀ |
| | ၁၉ | ပညာရေး | ၁၆၁,၅၇၀.၈၃၉ | ၂၆,၈၃၄.၄၃၂ | ၄၇,၇၆၇.၄၇၀ | ၂၃၆,၁၇၂.၇၄၁ |
| | ၂၀ | ကျန်းမာရေးနှင့်အားကစား | ၅၅,၉၇၉.၁၉၁ | ၁၇၀,၈၇၉.၉၉၃ | ၁၀၆,၅၇၀.၁၂၁ | ၃၃၃,၄၂၉.၃၀၅ |
| | ၂၁ | ဆောက်လုပ်ရေး | ၆၇,၀၁၉.၆၉၃ | ၄၅၆,၇၀၇.၄၂၄ | ၅၂၈,၁၄၈.၀၂၂ | ၁,၀၅၁,၈၇၅.၁၃၉ |
| | ၂၂ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး | ၁,၇၅၈.၀၂၈ | | ၄၅,၀၀၇.၅၂၄ | ၄၆,၇၆၅.၅၅၂ |
| | ၂၃ | ဟိုတယ်နှင့်ခရီးသွားလာရေး | ၃၂,၉၅၄.၅၀၉ | ၂၂၈.၆၂၈ | | ၃၃,၁၈၃.၁၃၇ |
| | ၂၄ | တိုင်းရင်းသားလူမျိုးများရေးရာ | ၈၇၄.၃၂၁ | | | ၈၇၄.၃၂၁ |
| ၃ | | တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ၁,၅၁၉.၆၇၈ | | | ၁,၅၁၉.၆၇၈ |
| ၄ | | နေပြည်တော်ကောင်စီ | ၁၁၆.၀၀၄ | | | ၁၁၆.၀၀၄ |
| ၅ | | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၈၁၅,၉၆၉.၀၅၂ | ၅၁,၃၅၇.၁၉၀ | ၂၃၅.၉၀၄ | ၈၆၇,၅၆၂.၁၄၆ |
| ၆ | | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | ၄၉,၁၀၇.၃၄၈ | ၃၇.၀၀၀ | | ၄၉,၁၄၄.၃၄၈ |
| ၇ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၂,၄၃၉,၄၂၆.၁၆၁ | ၉,၇၂၆.၃၂၈ | ၄၈,၂၁၇.၂၈၄ | ၂,၄၉၇,၃၆၉.၇၇၃ |
| ၈ | | လူမှုဖူလုံရေး | ၁၄၈,၀၀၀.၀၀၀ | | | ၁၄၈,၀၀၀.၀၀၀ |
| | | စုစုပေါင်း (၁+၂+၃+၄+၅+၆+၇+၈) | ၂၂,၅၁၁,၆၄၈.၃၇၃ | ၉၀၆,၃၇၈.၇၅၉ | ၄,၄၃၃,၈၇၅.၃၇၉ | ၂၇,၈၅၁,၉၀၂.၅၁၁ |

# ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အခွန်အကောက်ရငွေစာရင်းလျာထားချက်

(ကျပ်သန်းပေါင်း)

| စဉ် | | အခွန်အမျိုးအစား | ၂၀၁၉-၂၀၂၀ မူလခန့်မှန်းခြေ | ၂၀၂၀- ၂၀၂၁ လျာထားချက် |
|---|---|---|---|---|
| ၁ | | ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများသုံးစွဲမှု အပေါ် ကောက်ခံသည့် အခွန်အကောက် | ၄,၀၈၇,၁၄၃.၃၅၃ | ၄,၄၀၉,၇၂၃.၀၄၇ |
| | ၁ | ယစ်မျိုးခွန်၊ | ၁,၁၃၀.၀၃၃ | ၁,၂၈၉.၇၁၉ |
| | ၂ | ကုန်သွယ်လုပ်ငန်းခွန်၊ | ၂,၅၂၇,၉၆၄.၃၉၆ | ၂,၂၀၁,၉၅၄.၈၄၉ |
| | ၃ | သွင်းကုန်အတွက်လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊ | ၆,၀၀၀.၀၀၀ | ၆,၀၀၀.၀၀၀ |
| | ၄ | မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊ | ၁၆၅,၀၀၀.၀၀၀ | ၁၆၄,၆၄၁.၀၀၈ |
| | ၅ | မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာအခငွေများ၊ | ၁၅၂,၂၀၀.၀၀၀ | ၁၅၆,၀၀၀.၀၀၀ |
| | ၆ | ရုံးခွန်နှင့်တံဆိပ်ခေါင်းခွန်၊ | ၈၅,၄၀၇.၉၇၂ | ၈၅,၁၂၈.၇၃၅ |
| | ၇ | ခရီးလှည့်လည်ရေးလိုင်စင်/ ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင်/ ခရီးသွား လာသူများ ပို့ဆောင်ရေးလိုင်စင်/ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး၊ | ၈၉၉.၅၄၀ | ၆၅၂.၅၄၃ |
| | ၈ | အထူးကုန်စည်ခွန်၊ | ၁,၃၄၈,၅၄၁.၄၁၂ | ၁,၆၉၄,၂၁၀.၉၀၁ |
| | ၉ | ရတနာခွန် | ၁၀၀,၀၀၀.၀၀၀ | ၉၉,၈၇၅.၂၉၂ |
| ၂ | | ဝင်ငွေနှင့် ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့် အခွန်အကောက် | ၂,၄၇၃,၆၈၅.၀၂၉ | ၂,၇၅၄,၁၈၉.၂၁၅ |
| | ၁ | ဝင်ငွေခွန်၊ | ၂,၄၇၃,၆၈၅.၀၂၉ | ၂,၇၅၄,၁၈၉.၂၁၅ |
| ၃ | | အကောက်ခွန် | ၅၂၀,၀၀၀.၀၀၀ | ၅၂၀,၀၀၀.၀၀၀ |
| | ၁ | အကောက်ခွန်၊ | ၅၂၀,၀၀၀.၀၀၀ | ၅၂၀,၀၀၀.၀၀၀ |
| ၄ | | နိုင်ငံပိုင်သယံဇာတများထုတ်ယူသုံးစွဲသည့်အပေါ်ကောက်ခံသည့် အခွန်အကောက် | ၈၈၈,၅၆၉.၅၀၂ | ၉၃၁,၈၆၄.၉၆၇ |
| | ၁ | မြေယာပေါ်တွင် ကောက်ခံသည့်အခွန်၊ | ၁၇.၅၃၉ | ၂၃.၅၁၆ |
| | ၂ | ရေခွန်၊ | ၇၇.၅၂၃ | ၁၀၄.၅၈၄ |
| | ၃ | တာတမံခွန်၊ | ၁.၂၆၀ | ၀.၉၃၅ |
| | ၄ | သစ်တောများမှပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန်၊ | ၅,၀၀၂.၆၃၃ | ၅,၉၈၈.၉၉၄ |
| | ၅ | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ (စက်မှုကုန်ကြမ်း တွင်းထွက်နှင့်အလှဆင်ကျောက်များမပါ) | ၆၃.၄၄၄ | ၇၆.၀၅၀ |
| | ၆ | ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ၊ | ၃,၀၀၀.၀၀၀ | ၂,၆၄၉.၂၈၀ |
| | ၇ | ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ | ၄၅၇,၇၅၅.၃၂၈ | ၃၃၄,၃၂၁.၁၁၆ |
| | ၈ | ဓာတ်သတ္တုခွန်နှင့် တွင်းဝခွန် | ၃၀,၃၈၆.၈၇၄ | ၃၁,၃၆၂.၇၉၆ |
| | ၉ | ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အခ၊ | ၃၇၈,၅၉၅.၂၀၀ | ၅၄၄,၂၅၁.၁၀၀ |
| | ၁၀ | ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် အခမဲ့ ရရှိသည့် ဓာတ်အားခ၊ | ၁၂,၁၉၇.၀၀၀ | ၁၁,၉၀၅.၃၆၂ |
| | ၁၁ | မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့် အသုံးပြုခွင့်ရရှိသူများထံမှ ကောက်ခံရရှိသည့် အခွန်၊ | ၆၇၂.၇၀၁ | ၁,၁၈၁.၂၃၄ |
| | | စုစုပေါင်း | ၇,၉၆၉,၃၉၇.၈၈၄ | ၈,၆၁၅,၇၇၇.၅၂၉ |
| | | ဂျီဒီပီတန်ဖိုး | ၁၁၉,၀၂၃,၄၀၅ | ၁၂၅,၈၀၃,၅၈၃ |
| | | အခွန်နှင့်ဂျီဒီပီတန်ဖိုး | ၆.၇၀% | ၆.၈၅% |

# ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အသုံးစရိတ်ခန့်မှန်းခြေ

| စဉ် | | အကြောင်းအရာ | အသုံးစရိတ် (ကျပ်သန်း) | စုစုပေါင်း အသုံးစရိတ် ပါဝင်မှု ရာခိုင်နှုန်း | ဂျီဒီပီတွင် ပါဝင်မှု ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁။ | | **သာမန်အသုံးစရိတ်** | **၂၅,၅၈၃,၀၀၃.၂၄၀** | **၇၃.၈၃%** | **၂၀.၃၃%** |
| | (က) | ဝန်ကြီးဌာန၊အဖွဲ့အစည်းများ၏အသုံးစရိတ် (နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှအပ) | ၈,၀၅၄,၅၀၇.၅၁၂ | ၂၃.၂၄% | ၆.၄၀% |
| | (ခ) | အတိုးပေးငွေ | ၂,၃၄၉,၈၁၃.၇၆၃ | ၆.၇၈% | ၁.၈၇% |
| | (ဂ) | ထောက်ပံ့ငွေအသုံးစရိတ် | ၄,၂၉၉,၃၅၂.၁၇၆ | ၁၂.၄၁% | ၃.၄၂% |
| | (ဃ) | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (ဘဏ္ဍာရန်ပုံငွေအတွင်း) | ၇,၈၆၄,၂၆၂.၄၁၄ | ၂၂.၇၀% | ၆.၂၅% |
| | (င) | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (ဘဏ္ဍာရန်ပုံငွေပြင်ပ) | ၂,၃၀၈,၀၆၃.၃၅၂ | ၆.၆၆% | ၁.၈၃% |
| | (စ) | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၅၅၇,၀၀၄.၀၂၃ | ၁.၆၁% | ၀.၄၄% |
| | (ဆ) | အရေးပေါ်ရန်ပုံငွေ | ၁၅၀,၀၀၀.၀၀၀ | ၀.၄၃% | ၀.၁၂% |
| ၂။ | | **ငွေလုံးငွေရင်းအသုံးစရိတ်** | **၇,၈၈၉,၄၄၅.၉၆၂** | **၂၂.၇၇%** | **၆.၂၇%** |
| | (က) | ဝန်ကြီးဌာန၊အဖွဲ့အစည်းများ၏အသုံးစရိတ် (နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှအပ) | ၅,၉၉၂,၄၂၄.၀၇၆ | ၁၇.၂၉% | ၄.၇၆% |
| | (ခ) | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (ဘဏ္ဍာရန်ပုံငွေအတွင်း) | ၁,၆၇၁,၇၈၁.၇၁၇ | ၄.၈၃% | ၁.၃၃% |
| | (ဂ) | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (ဘဏ္ဍာရန်ပုံငွေပြင်ပ) | ၁၇၂,၀၀၉.၀၈၀ | ၀.၅၀% | ၀.၁၄% |
| | (ဃ) | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၅၃,၂၃၁.၀၈၉ | ၀.၁၅% | ၀.၀၄% |
| ၃။ | | **ကြွေးမြီအသုံးစရိတ်** | **၁,၁၇၉,၉၄၃.၈၀၀** | **၃.၄၀%** | **၀.၉၄%** |
| | (က) | ဝန်ကြီးဌာန၊အဖွဲ့အစည်းများ၏အသုံးစရိတ် (နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှအပ) | ၆၀၆,၂၇၄.၉၁၉ | ၁.၇၅% | ၀.၄၈% |
| | (ခ) | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (ဘဏ္ဍာရန်ပုံငွေအတွင်း) | ၅၅၉,၉၂၉.၆၀၁ | ၁.၆၁% | ၀.၄၅% |
| | (ဂ) | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (ဘဏ္ဍာရန်ပုံငွေပြင်ပ) | ၁၃,၇၃၉.၂၈၀ | ၀.၀၄% | ၀.၀၁% |
| | | စုစုပေါင်း (၁+၂+၃) | **၃၄,၆၅၂,၃၉၃.၀၀၂** | **၁၀၀.၀၀%** | **၂၇.၅၄%** |

# ဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အသုံးစရိတ် လျာထားချက်

(ကျပ်သန်းပေါင်း)

| စဉ် | | ဌာန/အဖွဲ့အစည်း | သာမန် | ငွေလုံးငွေရင်း | ကြွေးမြီ | ပေါင်း |
|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | | ဖွဲ့စည်းပုံအဖွဲ့အစည်းများ | ၁၁၇,၀၄၈.၀၆၇ | ၃၂,၃၇၇.၉၉၇ | | ၁၄၉,၄၂၆.၀၆၄ |
| | ၁ | နိုင်ငံတော်သမ္မတရုံး | ၉,၂၄၀.၅၁၆ | ၁,၈၀၃.၁၀၀ | | ၁၁,၀၄၃.၆၁၆ |
| | ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ၁,၈၀၁.၆၄၁ | ၅၆.၅၄၂ | | ၁,၈၅၈.၁၈၃ |
| | ၃ | ပြည်ထောင်စုလွှတ်တော်ရုံး | ၁,၄၀၃.၁၂၀ | ၇၄.၃၃၆ | | ၁,၄၇၇.၄၅၆ |
| | ၄ | ပြည်သူ့လွှတ်တော်ရုံး | ၉,၁၁၅.၅၇၀ | ၉၆၄.၅၇၇ | | ၁၀,၀၈၀.၁၄၇ |
| | ၅ | အမျိုးသားလွှတ်တော်ရုံး | ၆,၀၇၃.၃၈၄ | ၁၄၂.၆၈၂ | | ၆,၂၁၆.၀၆၆ |
| | ၆ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ၂၆,၂၅၃.၀၈၀ | ၁၈,၈၂၁.၂၃၀ | | ၄၅,၀၇၄.၃၁၀ |
| | ၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | ၉၀၅.၀၈၅ | ၉၈.၀၂၅ | | ၁,၀၀၃.၁၁၀ |
| | ၈ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး | ၄၇,၂၁၄.၅၀၀ | ၅,၈၅၀.၂၁၀ | | ၅၃,၀၆၄.၇၁၀ |
| | ၉ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | ၂,၈၉၆.၂၄၅ | ၂၄၁.၂၆၀ | | ၃,၁၃၇.၅၀၅ |
| | ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၃,၈၉၅.၄၈၆ | ၁,၉၂၆.၇၆၉ | | ၅,၈၂၂.၂၅၅ |
| | ၁၁ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ၈,၂၄၉.၄၄၀ | ၂,၃၉၉.၂၆၆ | | ၁၀,၆၄၈.၇၀၆ |
| ၂ | | ဝန်ကြီးဌာနများ | ၂၂,၄၉၉,၇၁၉.၃၆၀ | ၇,၅၄၈,၃၆၄.၁၈၂ | ၁,၁၆၆,၂၀၄.၅၂၀ | ၃၁,၂၁၄,၂၈၈.၀၆၂ |
| | ၁ | နိုင်ငံခြားရေး | ၆၁,၆၅၄.၀၃၇ | ၄,၂၀၀.၇၄၇ | | ၆၅,၈၅၄.၇၈၄ |
| | ၂ | သမ္မတရုံး | | | | |
| | ၃ | နိုင်ငံတော်အတိုင်ပင်ခံရုံး | ၂,၂၄၃.၅၁၈ | ၉၀.၀၉၀ | | ၂,၃၃၃.၆၀၈ |
| | ၄ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ၇,၂၇၁.၂၁၈ | ၉၃၅.၂၅၈ | | ၈,၂၀၆.၄၇၆ |
| | ၅ | ပြည်ထဲရေး | ၄၂၀,၀၅၆.၇၃၃ | ၁၃၂,၅၉၃.၉၂၅ | ၃,၆၁၀.၄၂၀ | ၅၅၇,၂၆၁.၀၇၈ |
| | ၆ | ကာကွယ်ရေး | ၂,၀၄၅,၈၃၈.၂၇၂ | ၁,၃၅၄,၈၂၈.၆၉၅ | ၁၃,၄၉၁.၉၇၀ | ၃,၄၁၄,၁၅၈.၉၃၇ |
| | ၇ | နယ်စပ်ရေးရာ | ၃၃,၈၈၆.၅၆၇ | ၈၀,၈၈၄.၁၀၀ | | ၁၁၄,၇၇၀.၆၆၇ |
| | ၈ | စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှု | ၈,၉၄၈,၅၉၆.၉၃၂ | ၁၆၉,၅၄၁.၇၆၉ | ၅၁၈,၀၃၈.၀၀၀ | ၉,၆၃၆,၁၇၆.၇၀၁ |
| | ၉ | ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး | ၃,၉၄၈.၂၅၁ | ၆၉၄.၈၆၉ | | ၄,၆၄၃.၁၂၀ |
| | ၁၀ | အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး | | | | |
| | ၁၁ | ပြန်ကြားရေး | ၆၈,၂၉၅.၇၀၂ | ၁၄,၀၇၈.၅၇၃ | ၃၅၇.၁၁၇ | ၈၂,၇၃၁.၃၉၂ |
| | ၁၂ | သာသနာရေးနှင့်ယဉ်ကျေးမှု | ၂၇,၄၅၇.၂၂၀ | ၂၃,၄၀၆.၆၄၈ | | ၅၀,၈၆၃.၈၆၈ |
| | ၁၃ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း | ၃၇၆,၄၀၉.၀၆၈ | ၅၂၁,၁၁၇.၉၂၈ | ၁၀၅,၇၃၅.၆၃၇ | ၁,၀၀၃,၂၆၂.၆၃၃ |

## ဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အသုံးစရိတ် လျာထားချက်

(ကျပ်သန်းပေါင်း)

| စဉ် | | ဌာန/အဖွဲ့အစည်း | သာမန် | ငွေလုံးငွေရင်း | ကြွေးမြီ | ပေါင်း |
|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ |
| | ၁၄ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၃၄၈,၄၈၂.၀၅၅ | ၁,၃၁၇,၆၁၆.၉၃၉ | ၁၉၃,၉၆၀.၄၄၉ | ၁,၈၆၀,၀၅၉.၄၄၃ |
| | ၁၅ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၃၉၂,၂၄၀.၆၉၆ | ၃၂,၈၁၅.၁၄၄ | | ၄၂၅,၀၅၅.၈၄၀ |
| | ၁၆ | လျှပ်စစ်နှင့်စွမ်းအင် | ၆,၄၄၆,၃၈၂.၃၀၇ | ၁,၁၀၄,၈၀၇.၈၇၈ | ၃၂၆,၇၄၀.၉၀၅ | ၇,၈၇၇,၉၃၁.၀၉၀ |
| | ၁၇ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | ၄၁,၄၄၈.၄၅၈ | ၂၀,၉၁၆.၆၁၂ | | ၆၂,၃၆၅.၀၇၀ |
| | ၁၈ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၁၄,၈၇၅.၅၂၃ | ၁၄,၃၀၅.၇၄၂ | ၅၀.၀၀၀ | ၂၉,၂၃၁.၂၆၅ |
| | ၁၉ | ပညာရေး | ၂,၀၉၂,၃၁၅.၂၀၇ | ၈၀၃,၂၃၃.၁၀၁ | | ၂,၈၉၅,၅၄၈.၃၀၈ |
| | ၂၀ | ကျန်းမာရေးနှင့်အားကစား | ၈၈၄,၆၂၅.၂၃၇ | ၅၄၂,၄၇၈.၁၄၃ | ၄,၂၂၀.၀၂၂ | ၁,၄၃၁,၃၂၃.၄၀၂ |
| | ၂၁ | ဆောက်လုပ်ရေး | ၁၂၂,၆၅၆.၈၁၆ | ၁,၃၉၄,၁၉၈.၆၆၂ | | ၁,၅၁၆,၈၅၅.၄၇၈ |
| | ၂၂ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး | ၁၄၈,၃၂၅.၉၁၅ | ၁၃,၃၄၉.၀၆၃ | | ၁၆၁,၈၇၄.၉၇၈ |
| | ၂၃ | ဟိုတယ်နှင့်ခရီးသွားလာရေး | ၈,၀၀၆.၂၇၉ | ၆၀၉.၈၁၂ | | ၈,၆၁၆.၀၉၁ |
| | ၂၄ | တိုင်းရင်းသားလူမျိုးများရေးရာ | ၃,၅၀၃.၃၄၉ | ၁,၆၆၀.၄၈၄ | | ၅,၁၆၃.၈၃၃ |
| ၃ | | တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ၁,၃၆၄.၀၅၈ | | | ၁,၃၆၄.၀၅၈ |
| ၄ | | နေပြည်တော်ကောင်စီ | ၁,၄၂၀.၃၅၃ | ၆၄,၇၃၃.၉၂၆ | | ၆၆,၁၅၄.၂၇၉ |
| ၅ | | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၅၅၇,၀၀၄.၀၂၃ | ၅၃,၂၃၁.၀၈၉ | | ၆၁၀,၂၃၅.၁၁၂ |
| ၆ | | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | ၃၈,၆၁၀.၈၀၈ | ၉,၆၁၇.၃၉၆ | | ၄၈,၂၂၈.၂၀၄ |
| ၇ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ | ၂,၃၀၈,၀၆၃.၃၅၂ | ၁၇၂,၀၀၉.၀၈၀ | ၁၃,၇၃၉.၂၈၀ | ၂,၄၉၃,၈၁၁.၇၁၂ |
| ၈ | | လူမှုဖူလုံရေး | ၅၉,၇၇၃.၂၁၉ | ၉,၁၁၂.၂၉၂ | | ၆၈,၈၈၅.၅၁၁ |
| | | စုစုပေါင်း (၁+၂+၃+၄+၅+၆+၇+၈) | ၂၅,၅၈၃,၀၀၃.၂၄၀ | ၇,၈၈၉,၄၄၅.၉၆၂ | ၁,၁၇၉,၉၄၃.၈၀၀ | ၃၄,၆၅၂,၃၉၃.၀၀၂ |

## ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ရငွေနှင့်အသုံးစရိတ်တွင် အများဆုံးပါဝင်သည့်ဌာန/အဖွဲ့အစည်းများ

(ကျပ်သန်းပေါင်း)

| စဉ် | ဌာန/အဖွဲ့အစည်း | ရငွေ | သုံးငွေ | ပိုငွေ (+) / လိုငွေ(-) | စုစုပေါင်းရငွေပေါ် ပါဝင်မှုရာခိုင်နှုန်း | စုစုပေါင်းသုံးငွေပေါ် ပါဝင်မှုရာခိုင်နှုန်း |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှု | ၁၁,၉၀၅,၂၉၂.၁၄၂ | *၉,၆၃၆,၁၇၆.၇၀၁ | ၂,၂၆၉,၁၁၅.၄၄၁ | ၄၂.၇၄% | ၂၇.၈၁% |
| ၂ | လျှပ်စစ်နှင့်စွမ်းအင် | ၇,၂၄၄,၆၉၀.၄၃၁ | ၇,၈၇၇,၉၃၁.၀၉၀ | -၆၃၃,၂၄၀.၆၅၉ | ၂၆.၀၁% | ၂၂.၇၃% |
| ၃ | ကာကွယ်ရေး | ၄၉,၆၅၄.၇၉၁ | ၃,၄၁၄,၁၅၈.၉၃၇ | -၃,၃၆၄,၅၀၄.၁၄၆ | ၀.၁၈% | ၉.၈၅% |
| ၄ | ပညာရေး | ၂၃၆,၁၇၂.၇၄၁ | ၂,၈၉၅,၅၄၈.၃၀၈ | -၂,၆၅၉,၃၇၅.၅၆၇ | ၀.၈၅% | ၈.၃၆% |
| ၅ | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | ၂,၄၉၇,၃၆၉.၇၇၃ | ၂,၄၉၃,၈၁၁.၇၁၂ | ၃,၅၅၈.၀၆၁ | ၈.၉၇% | ၇.၂၀% |
| ၆ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၂,၁၈၆,၇၈၂.၇၉၆ | ၁,၈၆၀,၀၅၉.၄၄၃ | ၃၂၆,၇၂၃.၃၅၃ | ၇.၈၅% | ၅.၃၆% |
| ၇ | ဆောက်လုပ်ရေး | ၁,၀၅၁,၈၇၅.၁၃၉ | ၁,၅၁၆,၈၅၅.၄၇၈ | -၄၆၄,၉၈၀.၃၃၉ | ၃.၇၈% | ၄.၃၈% |
| ၈ | ကျန်းမာရေးနှင့်အားကစား | ၃၃၃,၄၂၉.၃၀၅ | ၁,၄၃၁,၃၂၃.၄၀၂ | -၁,၀၉၇,၈၉၄.၀၉၇ | ၁.၂၀% | ၄.၁၃% |
| ၉ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း | ၅၃၀,၀၈၇.၃၄၆ | ၁,၀၀၃,၂၆၂.၆၃၃ | -၄၇၃,၁၇၅.၂၈၇ | ၁.၉၀% | ၂.၉၀% |
| ၁၀ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၈၆၇,၅၆၂.၁၄၆ | ၆၁၀,၂၃၅.၁၁၂ | ၂၅၇,၃၂၇.၀၃၄ | ၃.၁၁% | ၁.၇၆% |
| ၁၁ | ပြည်ထဲရေး | ၃၄,၉၆၆.၃၃၉ | ၅၅၇,၂၆၁.၀၇၈ | -၅၂၂,၂၉၄.၇၃၉ | ၀.၁၂% | ၁.၆၁% |
| ၁၂ | သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၄၁၅,၁၂၅.၀၆၃ | ၄၂၅,၀၅၅.၈၄၀ | -၉,၉၃၀.၇၇၇ | ၁.၄၉% | ၁.၂၃% |

*စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၏ အသုံးစရိတ်ရာခိုင်နှုန်း ၂၇.၈၁% တွင် နိုင်ငံတော်အနေဖြင့် ကျခံသုံးစွဲရသည့် နိုင်ငံတော် စာရင်းအသုံးစရိတ် ကျပ် ၈,၉၉၆.၂၄၂ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၂၅.၉၆% ပါဝင်ပါသည်။ ဝန်ကြီးဌာန၏ အသုံးစရိတ်မှာ ကျပ် ၆၃၉.၉၃၅ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၁.၈၅% သာဖြစ်ပါသည်။

# ဝန်ကြီး/ဌာနအဖွဲ့အစည်းများ၏ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ပအကူအညီရငွေ၊ ပြည်ပချေးယူရငွေ လျာထားချက်

(ကျပ်သန်းပေါင်း)

| စဉ် | | ဌာန/အဖွဲ့အစည်း | ၂၀၂၀-၂၀၂၁ | |
|---|---|---|---|---|
| | | | ပြည်ပအကူအညီ ရငွေ | ပြည်ပ ချေးယူရငွေ |
| ၁ | | ဖဟိုအဖွဲ့အစည်းများ | ၂၈.၉၆၈ | ၄၃.၄၅၁ |
| | ၁ | ပြည်ထောင်စုလွှတ်တော်ရုံး | ၁၀.၉၄၄ | ၁၆.၄၁၆ |
| | ၂ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၁၈.၀၂၄ | ၂၇.၀၃၅ |
| ၂ | | ဝန်ကြီးဌာနများ | ၁,၀၆၁,၂၁၄.၈၁၅ | ၃,၉၈၄,၉၈၂.၀၂၀ |
| | ၁ | နိုင်ငံခြားရေး | ၇၂၂.၀၀၀ | |
| | ၂ | ပြည်ထဲရေး | ၆၉၆.၁၆၀ | |
| | ၃ | နယ်စပ်ရေးရာ | ၄,၅၆၀.၀၀၀ | |
| | ၄ | စီမံကိန်းဘဏ္ဍာရေးနှင့်စက်မှု | ၁၁၅,၇၀၈.၆၅၈ | ၁,၅၈၅,၂၇၁.၉၁၀ |
| | ၅ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး | ၄၄.၅၃၆ | |
| | ၆ | ပြန်ကြားရေး | ၀.၆၃၄ | |
| | ၇ | သာသနာရေးနှင့်ယဉ်ကျေးမှု | ၇၉၀.၄၀၀ | |
| | ၈ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း | ၅၆,၂၄၀.၃၀၄ | ၂၇၄,၉၈၁.၈၄၀ |
| | ၉ | ပို့ဆောင်ရေး၊ ဆက်သွယ်ရေး | ၉၉,၄၅၈.၃၅၃ | ၉၃၂,၆၅၅.၂၇၈ |
| | ၁၀ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၁,၇၇၅.၃၅၅ | |
| | ၁၁ | လျှပ်စစ်နှင့်စွမ်းအင် | ၁၀,၃၈၈.၅၈၄ | ၄၄၉,၈၆၀.၁၄၁ |
| | ၁၂ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | ၁,၁၀၆.၅၅၃ | ၁၅,၀၄၄.၄၉၄ |
| | ၁၃ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၁၂,၄၃၆.၀၀၆ | ၁,၁၉၅.၈၂၀ |
| | ၁၄ | ပညာရေး | ၈၀,၁၉၀.၂၉၀ | ၄၇,၇၆၇.၄၇၀ |
| | ၁၅ | ကျန်းမာရေးနှင့်အားကစား | ၂၀၆,၁၉၁.၀၀၄ | ၁၀၆,၅၇၀.၁၂၁ |
| | ၁၆ | ဆောက်လုပ်ရေး | ၄၅၆,၆၀၇.၄၂၄ | ၅၂၆,၆၂၇.၄၂၂ |
| | ၁၇ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ၁,၆၆၀.၉၇၅ | ၄၅,၀၀၇.၅၂၄ |
| | ၁၈ | ဟိုတယ်နှင့်ခရီးသွားလာရေး | ၂,၂၅၇.၂၇၅ | |
| | ၁၉ | တိုင်းရင်းသားလူမျိုးများရေးရာ | ၃၈၀.၃၀၄ | |
| ၃ | | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၅၁,၃၅၇.၁၉၀ | ၂၃၅.၉၀၄ |
| ၄ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ | ၉,၇၂၆.၃၂၈ | ၄၈,၂၁၇.၂၈၄ |
| | | စုစုပေါင်း (၁+၂+၃+၄) | ၁,၁၂၂,၃၂၇.၃၀၁ | ၄,၀၃၃,၄၇၈.၆၅၉ |

ပြည်ပအကူအညီရငွေဖြင့် သုံးစွဲသည့် အသုံးစရိတ်တွင် အမေရိကန်ဒေါ်လာ ၇၃၅,၈၇၈,၇၈၈.၈၈၀ နှင့် ပြည်ပချေးယူရငွေဖြင့်သုံးစွဲသည့် အသုံးစရိတ်တွင် အမေရိကန်ဒေါ်လာ ၂,၆၅၃,၆၀၄,၃၇၈.၆၆၀ တို့ ပါဝင်ပါသည်။

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ရငွေများအားလုံးကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း UFA-SEE Account သို့ ပေးသွင်း၍ အသုံးစရိတ်များအားလုံးကိုလည်း ပြည်ထောင်စု၏အရအသုံးခန့်မှန်းခြေငွေစာရင်း ခွင့်ပြုလျာထားငွေဘောင်အတွင်း UFA-SEE Account မှပင် ကျခံသုံးစွဲ၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် သာမန်စာရင်း၌ ကုန်သွယ်မှု (အရှုံး/အမြတ်) စာရင်းအရ ရရှိသော အမြတ်ငွေအပေါ်တွင် နှစ်စဉ်ပြဋ္ဌာန်းသော ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ ဝင်ငွေခွန်ပေးဆောင်ရန်နှင့် ကျန်ရှိသော အမြတ်ငွေများ အားလုံးကို နိုင်ငံတော်သို့ ထည့်ဝင်ငွေအဖြစ် ထည့်ဝင်ရမည် ဖြစ်ပါသည်။

(ဂ) ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ နိုင်ငံတော်သို့ထည့်ဝင်ငွေကို (၃) လပတ် တစ်ကြိမ်နှုန်းဖြင့် (၄) ကြိမ်ခွဲ၍ ထည့်ဝင်ရမည် ဖြစ်ပါသည်။

(ဃ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် မိမိတို့၏ လုပ်ငန်းများကို ရည်မှန်းချက်အတိုင်း အောင်မြင်အောင် တာဝန်ယူဆောင်ရွက်ရန်နှင့် ရငွေများကို လျာထားသည့်အတိုင်း ပြည့်ဝစွာရရှိရေး ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ပြီး လုပ်ငန်းစွမ်းဆောင်ရည် ပြည့်ဝစွာဖြင့် အကျိုးအမြတ်ရရှိအောင် ဆောင်ရွက်ရန်ဖြစ်ပါသည်။

## ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်
## တိုင်းဒေသကြီး/ ပြည်နယ်များ၏ ရငွေလျာထားချက်

(ကျပ်သန်းပေါင်း)

| တိုင်း/ ပြည်နယ် | တိုင်းဒေသကြီး/ ပြည်နယ်များ၏ | | ပြည်ထောင်စုက ထောက်ပံ့ငွေ | | ပေါင်း |
|---|---|---|---|---|---|
| | အခွန်အကောက် | အခြားရငွေ | အခွန်ဝေစု | လိုငွေဖြည့်ဆည်းခြင်း | |
| ကချင် | ၂,၈၂၀.၂၅၆ | ၁၆,၅၃၈.၂၁၃ | ၇,၇၀၆.၃၅၀ | ၁၉၄,၉၃၅.၄၈၆ | ၂၂၂,၀၀၀.၃၀၅ |
| ကယား | ၄၀၉.၉၅၇ | ၃,၅၉၄.၃၄၂ | ၄,၉၈၉.၄၅၂ | ၇၉,၉၄၃.၈၅၂ | ၈၈,၉၃၇.၆၀၃ |
| ကရင် | ၈၁၆.၇၈၆ | ၂၁,၂၀၃.၆၅၄ | ၆,၄၀၈.၃၀၂ | ၁၁၆,၈၆၇.၅၃၆ | ၁၄၅,၂၉၆.၂၇၈ |
| ချင်း | ၈၇၄.၂၅၆ | ၂,၉၉၇.၇၇၇ | ၆,၄၉၅.၉၃၇ | ၁၇၅,၂၆၆.၅၂၁ | ၁၈၅,၆၃၄.၄၉၁ |
| စစ်ကိုင်း | ၈,၆၀၆.၂၂၄ | ၂၇,၉၁၉.၅၈၃ | ၉,၀၈၃.၀၁၃ | ၂၃၂,၇၉၄.၁၉၈ | ၂၇၈,၄၀၃.၀၁၈ |
| တနင်္သာရီ | ၃,၀၁၂.၄၅၂ | ၇,၁၄၃.၈၆၇ | ၅,၃၆၁.၃၃၄ | ၁၇၁,၂၇၅.၆၄၇ | ၁၈၆,၇၉၃.၃၀၀ |
| ပဲခူး | ၉,၆၁၁.၆၄၂ | ၂၈,၀၂၃.၀၄၅ | ၈,၁၇၇.၄၄၁ | ၁၆၅,၈၂၁.၆၆၃ | ၂၁၁,၆၃၃.၇၉၁ |
| မကွေး | ၃,၅၉၈.၈၇၆ | ၂၈,၁၅၁.၀၈၀ | ၇,၇၆၄.၄၉၄ | ၂၀၅,၀၁၈.၁၈၉ | ၂၄၄,၅၃၂.၆၃၉ |
| မန္တလေး | ၄၁,၈၀၄.၈၁၉ | ၂၀၂,၈၉၉.၃၄၂ | ၂၇,၄၃၅.၈၇၈ | ၁၅၀,၂၈၅.၇၈၉ | ၄၂၂,၄၂၅.၈၂၈ |
| မွန် | ၃,၉၂၉.၁၇၄ | ၃၃,၆၂၀.၆၇၄ | ၅,၃၃၈.၆၅၈ | ၁၁၁,၈၅၁.၈၄၉ | ၁၅၄,၇၉၀.၃၅၅ |
| ရခိုင် | ၁,၄၆၄.၂၆၁ | ၁၂,၅၃၆.၂၈၆ | ၈,၁၃၁.၂၅၆ | ၁၉၄,၁၄၁.၈၇၆ | ၂၁၆,၂၇၃.၆၇၉ |
| ရန်ကုန် | ၇၂,၄၄၈.၅၃၀ | ၄၆၁,၇၇၉.၂၇၂ | ၂၄၈,၁၄၆.၂၅၀ | ၁၃၇,၇၉၄.၀၆၂ | ၉၂၀,၁၆၈.၁၁၄ |
| ရှမ်း | ၃,၉၆၁.၂၈၉ | ၃၈,၉၅၁.၆၄၃ | ၁၅,၀၂၁.၆၄၇ | ၂၈၂,၀၄၅.၇၅၇ | ၃၃၉,၉၈၀.၃၃၆ |
| ဧရာဝတီ | ၁၁,၀၅၇.၅၆၀ | ၁၉,၀၀၆.၈၉၉ | ၉,၁၉၉.၈၅၉ | ၁၆၂,၈၀၀.၇၇၇ | ၂၀၂,၀၆၅.၀၉၅ |
| ပေါင်း | ၁၆၄,၄၁၆.၀၈၂ | ၉၀၄,၃၆၅.၆၇၇ | ၃၆၉,၂၅၉.၈၇၁ | ၂,၃၈၀,၈၄၃.၂၀၂ | ၃,၈၁၈,၈၈၄.၈၃၂ |

# ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်
# တိုင်းဒေသကြီး/ ပြည်နယ်များ၏ အသုံးစရိတ်လျာထားချက်

(ကျပ်သန်းပေါင်း)

| တိုင်း/ ပြည်နယ် | သာမန် | ငွေလုံးငွေရင်း | ကြွေးမြီ | ပေါင်း |
|---|---|---|---|---|
| ကချင် | ၃၂,၅၉၀.၃၄၆ | ၁၈၉,၄၀၉.၉၅၉ | | ၂၂၂,၀၀၀.၃၀၅ |
| ကယား | ၂၁,၉၅၁.၃၆၀ | ၆၆,၉၈၆.၂၄၃ | | ၈၈,၉၃၇.၆၀၃ |
| ကရင် | ၂၀,၅၀၈.၁၀၂ | ၁၂၄,၇၈၈.၁၇၆ | | ၁၄၅,၂၉၆.၂၇၈ |
| ချင်း | ၄၁,၃၄၅.၂၆၀ | ၁၄၄,၂၈၉.၂၃၁ | | ၁၈၅,၆၃၄.၄၉၁ |
| စစ်ကိုင်း | ၉၄,၄၆၇.၇၄၆ | ၁၈၃,၉၃၅.၂၇၂ | | ၂၇၈,၄၀၃.၀၁၈ |
| တနင်္သာရီ | ၃၀,၀၃၈.၈၃၃ | ၁၅၆,၇၅၄.၄၆၇ | | ၁၈၆,၇၉၃.၃၀၀ |
| ပဲခူး | ၇၇,၃၀၀.၉၉၀ | ၁၃၄,၃၃၂.၈၀၁ | | ၂၁၁,၆၃၃.၇၉၁ |
| မကွေး | ၈၆,၂၄၉.၉၃၄ | ၁၅၈,၂၈၂.၇၀၅ | | ၂၄၄,၅၃၂.၆၃၉ |
| မန္တလေး | ၁၇၆,၃၆၅.၁၈၂ | ၂၄၆,၀၆၀.၆၄၆ | | ၄၂၂,၄၂၅.၈၂၈ |
| မွန် | ၃၆,၅၁၄.၉၂၉ | ၁၁၈,၂၂၅.၄၂၆ | | ၁၅၄,၇၄၀.၃၅၅ |
| ရခိုင် | ၅၀,၇၆၄.၃၅၇ | ၁၆၅,၅၀၉.၃၂၂ | | ၂၁၆,၂၇၃.၆၇၉ |
| ရန်ကုန် | ၂၁၄,၄၈၀.၁၃၁ | ၇၀၅,၆၈၇.၉၈၃ | | ၉၂၀,၁၆၈.၁၁၄ |
| ရှမ်း | ၁၁၂,၆၅၇.၅၉၃ | ၂၂၇,၃၂၂.၇၄၃ | | ၃၃၉,၉၈၀.၃၃၆ |
| ဧရာဝတီ | ၆၆,၉၉၅.၁၃၆ | ၁၃၅,၀၆၉.၉၅၉ | | ၂၀၂,၀၆၅.၀၉၅ |
| ပေါင်း | ၁,၀၆၂,၂၂၉.၈၉၉ | ၂,၇၅၆,၆၅၄.၉၃၃ | | ၃,၈၁၈,၈၈၄.၈၃၂ |

# ဘတ်ဂျက်ရေးဆွဲခြင်းနှင့်ဥပဒေပြဋ္ဌာန်းခြင်းအစီအစဉ်

| စဉ် | အကြောင်းအရာ | အချိန်ဇယား |
|---|---|---|
| ၁။ | စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနက ဘတ်ဂျက်အမှာစာ ထုတ်ပြန်ခြင်း | မတ်လ ဒုတိယပတ် |
| ၂။ | ဌာနများက ဘတ်ဂျက်များ နောက်ဆုံးထားပေးပို့ရမည့်ရက် | ဧပြီလ တတိယပတ် |
| ၃။ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ငွေတိုက်ဦးစီးဌာန၊ စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၊ ဆောက်လုပ်ရေးလုပ်ငန်း စိစစ်ညှိနှိုင်းရေးကော်မတီ( ငွေလုံးငွေရင်း) တို့က စိစစ်ခြင်း | ဧပြီလတတိယပတ်မှ မေလ ဒုတိယပတ်ထိ |
| ၄။ | စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့မှ ဌာနအဖွဲ့အစည်းများနှင့် ဘတ်ဂျက်အစည်းအဝေး ပြုလုပ်ခြင်းနှင့်စိစစ်ပြီး စာရင်းများကို ဌာနအဖွဲ့အစည်းများက ပြန်လည်ပေးပို့ခြင်း | မေလ ဒုတိယပတ် မှ မေလစတုတ္ထပတ်ထိ |
| ၅။ | ဒုတိယသမ္မတများက စိစစ်ခြင်းနှင့် စိစစ်ပြီးစာရင်းများကို ဌာနအဖွဲ့အစည်းများက ပြန်လည်ပေးပို့ခြင်း | ဇွန်လ ဒုတိယပတ် |
| ၆။ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနက စုစည်းပေါင်းချုပ်ခြင်း | ဇွန်လ ဒုတိယပတ် |
| ၇။ | စီးပွားရေးရာကော်မတီသို့တင်ပြခြင်း | ဇွန်လတတိယပတ် |
| ၈။ | ဘဏ္ဍာရေးကော်မရှင်အစည်းအဝေးသို့တင်ပြခြင်း | ဇွန်လတတိယပတ် |
| ၉။ | ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့တင်ပြခြင်း | ဇွန်လစတုတ္ထပတ် |
| ၁၀။ | ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဌာနများသို့ ဖ၇၅ စုံ တောင်းခံခြင်းနှင့် ဌာနများက ပြန်လည်ပေးပို့ခြင်း | ဇွန်လစတုတ္ထပတ် |
| ၁၁။ | ပြည်ထောင်စုအစိုးရအဖွဲ့ကပြည်ထောင်စုလွှတ်တော်ရုံးသို့ ပေးပို့ခြင်း | ဇူလိုင်လပထမပတ် |
| ၁၂။ | ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခြင်း | ဇူလိုင်လ ၁၅ ရက်နေ့ မတိုင်မီ |
| ၁၃။ | ပြည်ထောင်စုလွှတ်တော်ကအတည်ပြုခြင်း | စက်တင်ဘာလ မကုန်မီ |
| ၁၄။ | ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးခြင်း | စက်တင်ဘာလ မကုန်မီ |

၁။ နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်းများရေးဆွဲရာတွင် လျာထားမှုနှင့် အမှန်အကောင်အထည်ဖော်နိုင်မှု နီးစပ်ရန် လိုအပ်ပါသည်။ ဘတ်ဂျက်လိုငွေအား ထိန်းသိမ်းနိုင်ရန် ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ရငွေများကို တိုးတက်ရှာဖွေရန်နှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် အသုံးစရိတ်များကို ထိရောက်စွာသုံးစွဲကြရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (MSDP) ကို ဖော်ဆောင်နိုင်သော အသုံးစရိတ်များ၊ COVID-19 Economic Relief Plan (CERP) အရ လုပ်ငန်းစဉ်များ ဆက်လက်ဖော်ဆောင်သော အသုံးစရိတ်များ ဆက်လက် ခွင့်ပြုထားပါသည်။

၂။ တည်ဆောက်ရေး၊ ဝယ်ယူရေးလုပ်ငန်းများအတွက် တင်ဒါခေါ်ယူခြင်း၊ စိစစ်ရွေးချယ်ခြင်း၊ စာချုပ်ချုပ်ဆိုခြင်း၊ ပြီးစီးမှု အဆင့်အလိုက် ငွေပေးချေခြင်းများ ဆောင်ရွက်ကြရာတွင် ကြန့်ကြာမှုများ မဖြစ်စေရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအနေဖြင့် လက်အောက်ရုံးခွဲ အသီးသီးကို လုပ်ပိုင်ခွင့်များ အပ်နှင်းခွဲဝေပေးပြီး တာဝန်ရှိသူ အဆင့်ဆင့်က တာဝန်ယူ၊ တာဝန်ခံ ဆောင်ရွက်ကြရန် လိုအပ်ပါသည်။

၃။ မူလလျာထားသည့်အတိုင်း အကောင်အထည် မဖော်နိုင်ပါက ဌာနအဖွဲ့အစည်းများ၏ ဘတ်ဂျက်လျာထားချက်နှင့် အကောင်အထည်ဖော်မှုအပေါ် ယုံကြည်စိတ်ချရမှု (Budget Credibility) အားနည်းခြင်း ကို ဖြစ်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ ပြည်သူ့ဘဏ္ဍာများကို စနစ်တကျ အကျိုးရှိရှိ အသုံးပြုနိုင်ရန် လျာထားချက်များ ပြည့်မီအောင် ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

## ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍဆိုင်ရာ အချက်အလက်များ အဆိုပြု တင်ပြချက်

၁။ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍကို တင်ပြရာတွင် ယခင်နှစ်များက ထုတ်လုပ်မှုနှင့် ရငွေများကို လက်ရှိလျာထားသည့် ဘဏ္ဍာရေးနှစ်၏ ခန့်မှန်းခြေစာရင်းကိုသာ ဖော်ပြခဲ့သော်လည်း ယခုနှစ်တွင်မူ World Bank နှင့် NORAD တို့၏ အကူအညီဖြင့် ရှေ့လာမည့်ဘဏ္ဍာရေးနှစ်များ အတွက်ကြိုတင်၍ ခန့်မှန်း လျာထားမှုအခြေအနေများကိုပါ တင်ပြမည်ဖြစ်ပါသည်။

၂။ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ၏ ထုတ်လုပ်မှုနှင့်ရငွေများကိုရှေ့လာမည့် ဘဏ္ဍာရေးနှစ်များ အတွက် ကြိုတင်ခန့်မှန်းလျာထားရခြင်းမှာ နိုင်ငံတော်အနေဖြင့် ကုန်းတွင်းရေနံမြေ၊ ကမ်းလွန်စီမံကိန်း နှင့် ပိုက်လိုင်းစီမံကိန်းများ၏ ထုတ်လုပ်မှုပမာဏနှင့် ရရှိမည့်ရငွေအခြေအနေ၊ ရေနံကုမ္ပဏီများထံမှ ရရှိနိုင်မည့် အခွန်ဝင်ငွေများကို ကြိုတင်သိရှိခြင်းဖြင့် နိုင်ငံတော်၏အသုံးစရိတ်မူဝါဒများချမှတ်ရေးဆွဲရာတွင် အထောက် အကူဖြစ်စေရန်နှင့် အဆိုပါငွေများအပေါ်တွင် အခြေခံပြီး နိုင်ငံ၏ အခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုး တက်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး အသုံးစရိတ်များကို ထိရောက်စွာ သုံးစွဲနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။ လက်ရှိမြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရောင်းချ ခြင်းမှ ရငွေအခြေအနေသည် ကမ္ဘာ့ရေနံဈေးနှုန်း၊ ဝယ်လိုအားတို့နှင့် ဆက်စပ်နေ၍ ခန့်မှန်းလျာထား တွက်ချက်မှုများမှာလည်း အပြောင်းအလဲရှိနိုင်ပါသည်။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်၏ ရငွေများသည် COVID-19 ကမ္ဘာ့ကပ်ရောဂါ၏ ရိုက်ခတ်မှုအကျိုးဆက်အဖြစ် ကမ္ဘာ့စီးပွားရေး ကျဆင်းမှုကြောင့် ရေနံဝယ်လိုအားကျဆင်းခဲ့၍ ယခင်နှစ်များထက် ခန့်မှန်းဝင်ငွေ လျော့နည်းခြင်းဖြစ်ပါသည်။

**ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍအနေဖြင့် ထုတ်လုပ်မှုနှင့် နိုင်ငံတော်မှရရှိမည့်ရငွေခန့်မှန်းထားမှု အခြေအနေ**

၃။ ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ရှာဖွေထုတ်လုပ်မှု ပမာဏများကို လာမည့်ဘဏ္ဍာရေးနှစ်များ အတွက် ခန့်မှန်းမှုအခြေအနေအရ ရဲတံခွန်ကမ်းလွန်စီမံကိန်း နှင့် ရတနာကမ်းလွန်စီမံကိန်းများမှာ ထုတ်လုပ်မှုများမှာ တဖြည်းဖြည်း ကျဆင်းလာခြင်း ကို ဇယား (၁) ဖြင့် ဖော်ပြထားပါသည်။

| ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု နှစ်အလိုက် ခန့်မှန်းခြေ | | | | | | | |
|---|---|---|---|---|---|---|---|
| | ၂၀၁၈-၂၀၁၉ (အမှန်) | ၂၀၁၉-၂၀၂၀ (မူလခန့်မှန်းခြေ) | ၂၀၂၀-၂၀၂၁ (ခန့်မှန်း) | ၂၀၂၁-၂၀၂၂ (ခန့်မှန်း) | ၂၀၂၂-၂၀၂၃ (ခန့်မှန်း) | ၂၀၂၃-၂၀၂၄ (ခန့်မှန်း) | ၂၀၂၄-၂၀၂၅ (ခန့်မှန်း) |
| **သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု ပမာဏ(mmscf )** | | | | | | | |
| ရတနာ | ၂၈၅,၀၇၃ | ၂၈၈,၃၅၀ | ၂၈၈,၃၅၀ | ၂၆၂,၈၀၀ | ၂၃၇,၂၅၀ | ၂၁၅,၃၅၀ | ၁၆၄,၂၅၀ |
| ရဲတံခွန် | ၄၀,၀၉၅ | ၃၂,၈၂၀ | ၂၁,၉၀၀ | ၂၁,၉၀၀ | ၂၁,၉၀၀ | | |
| ဇော်တိက | ၁၀၉,၃၁၀ | ၁၈၂,၅၀၀ | ၁၂၂,၂၇၅ | ၁၂၅,၈၂၅ | ၁၂၅,၈၂၅ | ၁၀၄,၀၂၅ | ၈၆,၈၇၀ |
| ရွှေ | ၂၀၈,၉၆၉ | ၁၂၆,၁၉၂ | ၁၉၁,၉၉၀ | ၁၈၂,၅၀၀ | ၁၈၂,၅၀၀ | ၁၈၂,၅၀၀ | ၁၈၂,၅၀၀ |
| ကုန်းတွင်း | ၁၈,၅၈၀ | ၁၇,၃၄၄ | ၁၇,၇၁၉ | ၁၇,၃၄၄ | ၁၇,၃၄၄ | ၁၇,၃၄၄ | ၁၇,၃၄၄ |
| **စုစုပေါင်း** | **၆၆၂,၀၂၇** | **၆၄၇,၂၀၆** | **၆၄၂,၂၃၄** | **၆၁၀,၄၆၉** | **၅၈၄,၉၁၉** | **၅၁၉,၂၁၉** | **၄၅၀,၉၆၄** |
| **ရေနံစိမ်းနှင့်လေဆီထုတ်လုပ်မှု ပမာဏ(Barrels)** | | | | | | | |
| ကမ်းလွန်လေဆီထုတ်လုပ်မှု | ၈၃၂,၀၆၁ | ၄၇၁,၁၈၂ | ၃၇၂,၃၀၀ | ၃၇၂,၃၀၀ | ၃၇၂,၃၀၀ | | |
| ကုန်းတွင်းရေနံမြေထုတ်လုပ်မှု | ၂,၃၀၀,၂၂၄ | ၂,၂၉၂,၁၆၅ | ၂,၂၃၇,၉၅၃ | ၂,၂၉၂,၁၆၅ | ၂,၂၉၂,၁၆၅ | ၂,၂၉၂,၁၆၅ | ၂,၂၉၂,၁၆၅ |
| စုစုပေါင်း | ၃,၁၃၂,၂၈၅ | ၂,၇၆၃,၃၄၇ | ၂,၆၁၀,၂၅၃ | ၂,၆၆၄,၄၆၅ | ၂,၆၆၄,၄၆၅ | ၂,၂၉၂,၁၆၅ | ၂,၂၉၂,၁၆၅ |

ဇယား (၁)

** ရဲတံခွန်စီမံကိန်းသည် Daily Contract Quantity DCQ သတ်မှတ်မှု ဆွေးနွေးဆဲဖြစ်၍ ၂၀၂၂ ခုနှစ်အထိသာ ခန့်မှန်းထားခြင်းဖြစ်ပါသည်။

** MMSCF = ကုဗပေသန်းပေါင်း ** MMBTU = အပူပမာဏသန်းပေါင်း **Barrels = စည်ပေါင်း

၄။ ရဲတံခွန်စီမံကိန်းသည် ထုတ်လုပ်မှုကျဆင်းလာမည်ဖြစ်ပါသဖြင့် နှစ်စဉ်(သို့မဟုတ်) နှစ်နှစ် တစ်ကြိမ် သဘာဝဓာတ်ငွေ့ဝယ်ယူသူနှင့် ရောင်းသူအကြား Daily Contract Quantity (DCQ) သတ်မှတ်မှုအား ဆွေးနွေးညှိနှိုင်းသတ်မှတ်၍ ၂၀၂၂ ခုနှစ် အထိသာ ခန့်မှန်းထားခြင်းဖြစ်ပါသည်။ ရွှေစီမံကိန်းမှာ ရှေ့လာမည့် ဘဏ္ဍာရေးနှစ်ကာလအတွင်း ၁၈၂,၅၀၀ MMSCF ဖြင့်ထုတ်လုပ်မှု တည်ငြိမ်နေမည် ဖြစ်ပါသည်။ စုစုပေါင်း ထုတ်လုပ်မှုအနေဖြင့် ရှေ့လာမည့်ဘဏ္ဍာရေးနှစ်များအတွင်း ထုတ်လုပ်မှုများကျဆင်းနိုင်ပြီး ၂၀၂၄ -၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်တွင် ခန့်မှန်းခြေ ၄၅၀,၉၆၄ MMSCF ထိ ကျဆင်းလာနိုင်ပါသည်။

၅။ ရေနံနှင့်သဘာဓာတ်ငွေ့ကဏ္ဍမှ နိုင်ငံတော်အနေဖြင့်ရရှိမည့်ရငွေကို ခန့်မှန်းတွက်ချက်ရာတွင်လည်း လက်ရှိထုတ်လုပ်နေသော ကမ်းလွန်စီမံကိန်းနှင့်ပိုက်လိုင်းစီမံကိန်းများမှ Production Sharing contracts အရ ရရှိမည့်ရငွေများ(Royalty ၊ အမြတ်ခွဲဝေမှုနှင့် နိုင်ငံပိုင်ရှယ်ယာများအပေါ် ရရှိမှု အပါအဝင်) နှင့် ရေနံ ကုမ္ပဏီများထံမှကောက်ခံသောဝင်ငွေခွန်တို့ကို ဇယား (၂) ပါ အတိုင်း ခန့်မှန်း ထားပါ သည်။

(ကျပ်ဘီလီယံ)

| | ၂၀၂၁-၂၀၂၂ (ခန့်မှန်းခြေ ) | ၂၀၂၂-၂၀၂၃ (ခန့်မှန်းခြေ ) | ၂၀၂၃-၂၀၂၄ (ခန့်မှန်းခြေ ) | ၂၀၂၄-၂၀၂၅ (ခန့်မှန်းခြေ ) |
|---|---|---|---|---|
| ကမ်းလွန်စီမံကိန်းများ၏ ရငွေပေါင်း | ၁,၈၇၆ | ၁,၈၈၄ | ၁,၇၈၉ | ၁,၇၆၉ |
| Royalties | ၃၄၄ | ၃၄၀ | ၃၁၁ | ၂၈၅ |
| ထုတ်လုပ်မှုအပေါ် အမြတ်ခွဲဝေမှု | ၁,၁၂၅ | ၁,၁၅၆ | ၁,၁၂၅ | ၁,၁၀၈ |
| နိုင်ငံပိုင်ရှယ်ယာ | ၃၂၆ | ၃၁၆ | ၂၇၃ | ၂၃၇ |
| ရေနံကုမ္ပဏီများပေးဆောင်သည့် ဝင်ငွေခွန် | ၈၁ | ၇၂ | ၈၀ | ၁၃၉ |
| | | | | |
| ပိုက်လိုင်းစီမံကိန်းများ၏ ရငွေပေါင်း | ၄၇၉ | ၄၇၄ | ၄၁၅ | ၃၅၇ |
| နိုင်ငံပိုင်ရှယ်ယာ | ၂၁၂ | ၂၀၇ | ၁၇၅ | ၁၅၁ |
| ပိုက်လိုင်းကုမ္ပဏီများပေးဆောင်သည့် ဝင်ငွေခွန် | ၂၆၇ | ၂၆၇ | ၂၄၀ | ၂၀၆ |
| | | | | |
| ကမ်းလွန် + ပိုက်လိုင်း စီမံကိန်းများ၏ ရငွေပေါင်း | ၂,၃၅၅ | ၂,၃၅၈ | ၂,၂၀၄ | ၂,၁၂၆ |

ဇယား(၂)

၆။ ၂၀၂၁-၂၀၂၂ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်အထိ ရေနံနှင့်သဘာဝဓာတ်ငွေ့ ကဏ္ဍမှ ရငွေများကို နိုင်ငံတကာဈေးနှုန်းခန့်မှန်းမှုများအရ ရေနံစိမ်းစည်တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၅၂ နှုန်းဖြင့် လည်းကောင်း၊ ကမ်းလွန်စီမံကိန်း (၄) ခု၏ ၂၀၂၁-၂၀၂၂ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်အထိ သဘာဝဓာတ်ငွေ့ဈေးနှုန်းများကို အမေရိကန်ဒေါ်လာ ၆.၁ ၊ ၆.၇ နှင့် ၆.၄ ဖြင့် လည်းကောင်း အသီးသီးခန့်မှန်းလျာထားပြီး၊ ငွေလဲလှယ်နှုန်းကို အမေရိကန် ၁ ဒေါ်လာလျှင် မြန်မာငွေ ကျပ် ၁,၅၂၅ ဖြင့် တွက်ချက်ထားပါသည်။

၇။ ရေနံနှင့်သဘာဝဓာတ်ငွေ့ဝင်ငွေ၏ ၈၀% မှာ ကမ်းလွန်စီမံကိန်းမှရငွေများ ဖြစ်ပြီး စီမံကိန်းသစ်များမှ စီးပွားဖြစ်ထုတ်လုပ်နိုင်မှု အခြေအနေများမရှိသေးပါ၍ လက်ရှိကမ်းလွန် ရငွေများအနေဖြင့် ၂၀၂၁-၂၀၂၂ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၁,၈၇၆ ဘီလီယံ ရှိရာမှ ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၁,၇၆၉ ဘီလီယံသာ ရရှိမည်ဟု ခန့်မှန်းထားပြီး ၊ ပိုက်လိုင်းစီမံကိန်းများမှ ရငွေများကို ၂၀၂၁-၂၀၂၂ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၄၇၉ ဘီလီယံ မှ ၂၀၂၄- ၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၃၅၇ ဘီလီယံသာ ရရှိနိုင်မည်ဟု ခန့်မှန်းထားပါသည်။

၈။ COVID-19 ကြောင့် ကမ္ဘာ့ရေနံဈေးနှုန်းကျဆင်းမှုနှင့်အတူ လက်ရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်နေသည့် ရတနာ၊ ရဲတံခွန်နှင့် ဇောတိက ကမ်းလွန်စီမံကိန်းများမှ ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချသည့် သဘာဝဓာတ်ငွေ့ခန့်မှန်းဈေးနှုန်းကို ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် 1 MMBTU လျှင် အမေရိကန်ဒေါ်လာ ၇.၃၉ ဖြင့်ခန့်မှန်းခဲ့သော်လည်း ၂၀၂၀-၂၀၂၁ခု ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာ ၆.၀၀ ဖြင့် လည်းကောင်း၊ တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချသည့် ရွှေကမ်းလွန်စီမံကိန်း၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် အတွက် သဘာဝဓာတ်ငွေ့ ခန့်မှန်းဈေးနှုန်း ကို 1 MMBTU လျှင် အမေရိကန်ဒေါ်လာ ၈.၈၈ ဖြင့်ခန့်မှန်း

လျာထားခဲ့သော်လည်း ၂၀၂၀ - ၂၀၂၁ ခု၊ ဘဏ္ဍာရေး နှစ်တွင် 1 MMBTU လျှင် အမေရိကန်ဒေါ်လာ ၅.၂၀ ဖြင့်လည်းကောင်း၊ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် ရေနံစိမ်းစည်တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၅.၀၀ ဖြင့် ခန့်မှန်းလျာထားခဲ့သော်လည်း ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာ ၂၀.၀၀ ဖြင့် လည်းကောင်း ခန့်မှန်း၍ လျှော့ချ တွက်ချက် ထားပါသည်။

၉။ ကမ်းလွန်စီမံကိန်း(၄)ခုနှင့်ကုန်းတွင်းရေနံမြေများ၏၂၀၁၉-၂၀၂၀ခု၊ဘဏ္ဍာရေးနှစ် (မူလခန့်မှန်းခြေ) နှင့် ၂၀၂၀-၂၀၂၁ ခု ၊ဘဏ္ဍာရေးနှစ်(ခန့်မှန်းခြေ)တို့၏ ထုတ်လုပ်မှုပမာဏကို နှိုင်းယှဉ်ပါက ရငွေ လျော့နည်းရရှိမည်ဟု ခန့်မှန်းထားပါသည်။

၁၀။ ကမ်းလွန်စီမံကိန်းများမှ ထွက်ရှိသည့် သဘာဝဓာတ်ငွေ့များကို ပြည်ပသို့တင်ပို့ရောင်းချမှုတွင် ထိုင်းနိုင်ငံသို့ ၅၀ %၊ တရုတ်နိုင်ငံသို့ ၂၀ % နှင့် ပြည်တွင်းသုံးအတွက် ၃၀ % ခန့် ရှိမည်ဟု ခန့်မှန်းထားပါသည်။ ပြည်တွင်းသုံးအတွက်လျာထားချက်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအတွက် ၈၅.၉ %၊ CNG ထုတ်လုပ်ရေးအတွက် ၅.၃ % ၊ ဓာတ်မြေသြဇာထုတ်လုပ်ရေးအတွက် ၄% နှင့် အခြားကဏ္ဍနှင့် လုပ်ငန်းသုံးများ အတွက် ၄.၈ % သုံးစွဲလျက်ရှိပါသည်။

**ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ၏ရငွေနှင့်မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏အသုံးစရိတ်အခြေအနေ**

၁၁။ ၂၀၂၀-၂၀၂၁ ခု၊ဘဏ္ဍာရေးနှစ်အတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ၏ ရငွေနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ နိုင်ငံတော်သို့ပေးဆောင်ရသည့် အသုံးစရိတ်များကို အောက်ဖော်ပြပါ ဇယားများ အတိုင်း နှိုင်းယှဉ်၍ တင်ပြအပ်ပါသည်-

(ကျပ်သန်းပေါင်း )

| ပြည်ထောင်စု၏ ရငွေတွင် ပါဝင်သော ရေနံနှင့်သဘာဝဓာတ်ငွေ့မှ ရငွေအခြေအနေ | | | | | |
|---|---|---|---|---|---|
| | | ၂၀၁၈-၂၀၁၉ (ရှေ့ပြေးအမှန်) | ၂၀၁၉-၂၀၂၀ (မူလခန့်မှန်းခြေ) | ၂၀၁၉-၂၀၂၀ (ပြုပြင်ပြီး) | ၂၀၂၀-၂၀၂၁ (ခန့်မှန်းခြေ) |
| ၁ | ပြည်ထောင်စု၏ စုစုပေါင်းသာမန် ရငွေ | ၁၉,၉၂၈,၇၂၅.၇၂၄ | ၂၁,၈၂၄,၁၀၅.၈၂၄ | ၂၃,၈၀၀,၆၈၉.၉၁၂ | ၂၂,၅၁၁,၆၄၈.၃၇၃ |
| ၂ | ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာနမှ royalty ရငွေ | ၄၉၇,၇၃၉.၄၇၃ | ၄၅၇,၇၅၅.၃၂၈ | ၄၂၂,၈၁၇.၂၇၈ | ၃၃၄,၃၂၁.၁၁၆ |
| ၃ | မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ရငွေ | ၂,၈၀၁,၃၃၀.၈၈၅ | ၂,၀၁၃,၀၀၀.၀၀၀ | ၂,၆၉၉,၄၅၆.၀၉၀ | ၁,၉၇၀,၄၀၈.၇၆၈ |
| | ကမ်းလွန်လုပ်ကွက်ရငွေ | ၂,၆၀၃,၈၀၅.၇၂၄ | ၁,၈၁၅,၀၀၄.၅၆၂ | ၂,၄၈၉,၄၈၇.၁၄၅ | ၁,၇၈၅,၄၀၃.၈၀၃ |
| | ကုန်းတွင်းရေနံစိမ်းနှင့်သဘာဝဓာတ်ငွေ့ရောင်းရငွေ | ၁၄၃,၇၂၇.၈၆၁ | ၁၄၂,၇၅၆.၀၄၄ | ၁၄၅,၂၆၀.၉၀၉ | ၁၄၀,၂၈၈.၂၄၀ |
| | မော်တော်ယာဉ်သုံးဓာတ်ငွေ့ရောင်းရငွေ | ၅၁,၅၆၃.၇၂၇ | ၅၃,၇၃၉.၃၉၄ | ၅၃,၉၃၆.၄၄၂ | ၄၃,၂၁၆.၇၁၅ |
| | အထွေထွေရငွေ | ၂,၂၃၃.၅၇၃ | ၁,၅၀၀.၀၀၀ | ၁၀,၇၇၁.၅၉၄ | ၁,၅၀၀.၀၀၀ |
| ၄ | ရေနံနှင့်သဘာဝဓာတ်ငွေ့မှ ရငွေပေါင်း (၂+၃) | ၃,၂၉၉,၀၇၀.၃၅၈ | ၂,၄၇၀,၇၅၅.၃၂၈ | ၃,၁၂၂,၂၇၃.၃၆၈ | ၂,၃၀၄,၇၂၉.၈၈၄ |
| ၅ | ပြည်ထောင်စု၏ စုစုပေါင်းသာမန်ရငွေပေါ်တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့မှ ရငွေပါဝင်မှု | ၁၆.၅၅% | ၁၁.၃၂% | ၁၃.၁၂% | ၁၀.၂၄% |

ဇယား (၃)

## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ အသုံးစရိတ်

(ကျပ်သန်းပေါင်း)

| | ၂၀၁၈-၂၀၁၉ (ရှေ့ပြေးအမှန်) | ၂၀၁၉-၂၀၂၀ (မူလခန့်မှန်းခြေ) | ၂၀၁၉-၂၀၂၀ (ပြုပြင်ပြီး) | ၂၀၂၀-၂၀၂၁ (ခန့်မှန်းခြေ) |
|---|---|---|---|---|
| ကုန်သွယ်လုပ်ငန်းခွန် | ၂၉၆,၂၈၈.၇၉၂ | ၂၈၇,၀၃၃.၃၃၀ | ၂၆၆,၅၂၄.၈၃၂ | ၂၆၄,၇၁၆.၈၇၂ |
| အထူးကုန်စည်ခွန် | ၄၀၇,၇၉၂.၃၇၅ | ၃၈၅,၅၂၅.၀၁၆ | ၂၆၁,၅၆၉.၂၃၃ | ၁၀၆,၆၀၀.၈၀၆ |
| ဝင်ငွေခွန် | ၂၄၃,၉၉၄.၈၂၄ | ၁၆၀,၀၃၀.၉၄၈ | ၆၀၃,၈၆၁.၄၅၅ | ၂၄၂,၈၆၃.၈၀၄ |
| နိုင်ငံတော်သို့ထည့်ဝင်ငွေ | ၁၇၂,၅၁၂.၈၁၄ | ၄၈၀,၀၉၂.၈၄၃ | ၁,၃၇၃,၂၃၆.၄၃၆ | ၇၂၈,၅၉၁.၄၁၀ |
| **နိုင်ငံတော်သို့ ပေးဆောင်သည့် အခွန်နှင့် ထည့်ဝင်ငွေဆိုင်ရာ အသုံးစရိတ်ပေါင်း** | **၁,၁၂၀,၅၈၈.၈၀၅** | **၁,၃၁၂,၆၈၂.၁၃၇** | **၂,၅၀၅,၁၉၁.၉၅၆** | **၁,၃၄၂,၇၇၂.၈၉၂** |
| Cash call (ကမ်းလွန်) | ၂၁၄,၈၆၈.၈၇၁ | ၃၂၀,၉၁၉.၄၅၈ | ၂၇၁,၃၀၀.၂၈၉ | ၂၇၀,၇၁၇.၅၁၄ |
| Cash call (ပိုက်လိုင်း) | ၅၃,၁၈၄.၀၁၆ | ၅၇,၀၈၈.၈၄၉ | ၅၆,၇၈၃.၈၄၉ | ၆၅,၄၁၄.၁၁၃ |
| ချေးငွေအပေါ်တွင်ပေးချေရသည့် အတိုးပေးငွေ(ငွေကြေးစရိတ်) | ၈၄,၉၄၇.၂၈၃ | ၈၁,၄၃၀.၀၁၄ | ၇၇,၁၇၂.၈၁၄ | ၆၉,၄၉၇.၈၁၅ |
| ကုန်ကြမ်းပစ္စည်းများနှင့်ရေနံစိမ်းဝယ်ယူခြင်း | ၈၈,၄၉၃.၉၆၀ | ၉၁,၆၆၇.၃၀၅ | ၉၁,၃၉၁.၁၉၂ | ၆၂,၅၂၃.၁၈၂ |
| လစာ၊လုပ်ခနှင့်ပင်စင် | ၃၄,၀၄၄.၀၀၆ | ၃၅,၂၀၆.၂၁၃ | ၃၅,၂၀၆.၂၁၃ | ၃၄,၇၄၇.၇၄၀ |
| စီမံနှင့်သုတေသနစရိတ် | ၉၈၃.၇၃၅ | ၁,၁၃၉.၆၆၉ | ၁,၀၈၄.၈၄၆ | ၁,၁၂၅.၆၆၉ |
| လုပ်ငန်းကုန်ကျစရိတ်၊လူမှုစီးပွားဖွံ့ဖြိုးရေး နှင့်အခြားအသုံးစရိတ်များ | ၆၅,၆၃၃.၉၇၃ | ၈၃,၅၀၀.၅၅၈ | ၈၁,၆၂၅.၉၀၇ | ၈၅,၁၉၄.၈၄၃ |
| **MOGE's အသုံးစရိတ်များ** | **၅၄၂,၃၅၅.၈၆၄** | **၆၇၀,၉၅၂.၀၆၆** | **၆၁၄,၅၆၅.၁၁၀** | **၅၈၉,၂၂၀.၈၇၆** |
| **MOGE's သာမန်အသုံးစရိတ်ပေါင်း။** | **၁,၆၆၂,၉၄၄.၆၆၉** | **၁,၉၈၃,၆၃၄.၂၀၃** | **၃,၁၁၉,၇၅၇.၀၆၆** | **၁,၉၃၁,၉၉၃.၇၆၈** |

ဇယား (၄)

**၂၀၁၈-၂၀၁၉ ခုဘဏ္ဍာရေးနှစ်တွင် ကုန်သွယ်မှုအရှုံးအမြတ်စာရင်းအရ နိုင်ငံတော်သို့ထည့်ဝင်ငွေ ၂၀ % ပေးဆောင်ရပြီး ၂၀၁၉- ၂၀၂၀ ခု ဘဏ္ဍာရေးနှစ်မှ စ၍ နိုင်ငံတော်သို့ ထည့်ဝင်ငွေ ၇၅ % ပေးဆောင်ပါသည်။